E-book is created by *www.shanyoma.org*

၄

# ရန်သူ့ဝါဒဖြန့်မှုမှ ကာကွယ်ရေး

ဦးကြော်စိန်

# ရန်သူ့ဝါဒဖြန့်မှုမှ ကာကွယ်ရေး

E-book is created by www.ShanYoMa.org

# ရန်သူ့ဝါဒဖြန့်မှုမှ ကာကွယ်ရေး
## မာတိကာ


| သင်ခန်းစာ | | | ခေါင်းစဉ်ငယ် | စာမျက်နှာ |
|---|---|---|---|---|
| စခ | – | ၄၄၀၇ | ရန်သူ့ဝါဒဖြန့်မှုမှ ကာကွယ်ရေး... | |
| စခ | – | ၄၄၀၉ | တန်ပြန်ဝါဒ စစ်ဆင်ရေး ... | |

# ရန်သူ့ဝါဒဖြန့်မှုမှ ကာကွယ်ရေး

ရည်ရွယ်ချက်

၁။ ဒီသင်ခန်းစာရဲ့ရည်ရွယ်ချက်ဟာ ရန်သူ့ဝါဒဖြန့်မှုကြောင့် တွေဝေတဲ့စိတ် ရှုတ်ထွေးတဲ့အတွေးအခေါ်နဲ့အမှားမှား အယွင်းယွင်းတွေ လုပ်မိမဲ့ဘေးတွေက ရှောင်နိုင်ဘို့ပို့ရချရခြင်းဖြစ်တယ်။

E-book is created by www.ShanYoMa.org

ကာကွယ်ရေးလုပ်ငန်းများ

၂။ ကိုယ်က ဝါဒဖြန့်ချိပြီး စိတ်ဓါတ်တိုက်ပွဲတွေ ဆင်နွှဲတဲ့အခါမှာ မူလကထဲက စီစဉ်သတ်မှတ်ထားတဲ့နည်းပရိယာယ်တွေနဲ့ပြင်းပြင်းထန်ထန် ဆင်နွှဲရတယ်၊ အဲဒီလိုဘဲ ရန်သူရဲ့ဝါဒဖြန့်မှုကိုကာကွယ်ရာမှာလဲ အလားတူစံနစ်ကျတဲ့ကာကွယ်ရေးလုပ်ငန်းတွေနဲ့သာ ရန်သူကို ယှဉ်ပြိုင်နိုင်မယ်ဆိုတာ သတိထားကြရမယ်။

၃။ ရန်သူ့ဝါဒဖြန့်ချက်မှ ကာကွယ်ရေးဆိုတဲ့လုပ်ငန်းမှာ ရည်ရွယ်ချက် ၂–ခုရှိတယ်။ အဲဒါတွေကတော့ (၁)ရန်သူရဲ့ဝါဒဖြန့်ချက်တွေ မရောက်အောင် ပိတ်ဆို့ရေးနဲ့ (၂)ကိုယ့်ဘက်ထိုးဖေါက်ဝင်ရောက်လာပြီးဖြစ်တဲ့ဝါဒဖြန့်ချက်တွေကို တိုက်ဖျက်ရေးဘဲ ဖြစ်တယ်။

(၁) ရန်သူ့ဝါဒဖြန့်ချက်တွေကို ပိတ်ဆို့ရေး

(က) ရန်သူရဲ့ဝါဒဖြန့်ချိမှုတွေကို တားမြစ်ရမယ်၊ သူတို့ရဲ့သာမန်ဝါဒဖြန့်ချိမှုနည်းလမ်းအားလုံးကို ဖျက်သိမ်းပစ်ရမယ်။

(ခ) စာပေဖြန့်ချိရေးဌာနတွေ၊ ရုပ်ရှင်ရိုက်ရာဌာနတွေ၊ အလံလွှင့်ဌာနစတဲ့ ရန်သူရဲ့ဝါဒဖြန့်ချိရေးအဖွဲ့အစည်းတွေ အားလုံးကို ဖျက်သိမ်းပစ်ရမယ်။ သတင်းစာ၊ နံရံကပ်၊ ကြော်ငြာ၊ စာရွက်စာတမ်းတွေ၊ ရုပ်ရှင်ကားစတဲ့ဝါဒဖြန့်ချိရေးပစ္စည်းအားလုံးကို သိမ်းယူပစ်ရမယ်။ ဝါဒဖြန့်ချိရေးပစ္စည်းအမျိုးအစားအားလုံးကို သူတို့ခိုးမသွင်းနိုင်အောင် ချုပ်ကိုင်ကြည့်ကြပ်ထားရမယ်။

(ဂ) ရန်သူရဲ့လျှို့ဝှက်အသံလွှင့်ရုံတွေ၊ လျှို့ဝှက်စာပုံနှိပ်တိုက်တွေ၊ မြေအောက်အဖွဲ့အစည်းတွေနဲ့တဦးချင်းသူလျှိုတွေကို တွေ့အောင်ရှာပြီး ဖျက်သိမ်းပစ်ရမယ်။

(ဃ) နိုင်ငံခြားက ဝါဒဖြန့်အသံလွှင့်ဝါဒတွေကို နှောက်ယှက်ဖျက်ဆီးပေးရမယ်။ ဒီလိုအသံလွှင့်တာတွေကို ကိုယ့်ဘက်ကလူတွေ နားမထောင်ဘို့လဲ တားမြစ်ရမယ်။ ရေဒီယိုတွေ သိမ်းယူရမယ် နိုင်ငံခြားသတင်းတွေ မဖမ်းနိုင်တဲ့စက်တွေကိုသာ ထုတ်လုပ်ရမယ်။ အသုံးပြုခွင့်ပေးရမယ်။

(င) သတင်းတွေကို စီစစ်ရမယ်၊ ပြည်သူတို့အနေနဲ့ ရန်သူ့ဝါဒဖြန့်မှုကို သိလိုစိတ်ရှိလို့ဖြစ်ဖြစ်၊ မတော်တဆဘဲဖြစ်ဖြစ် နားမထောင်နိုင်အောင် လုပ်ထားရတယ်။

(စ) ကောဋ္ဌဟလသတင်းလွှင့်တာတွေ၊ ရန်သူနဲ့စာရွက်စာတမ်းတွေ ဖြန့်ဝေတာတွေစတဲ့ ဝါဒဖြန့်လုပ်ငန်းတွေ လုပ်သူများကို အပြစ်ပေးနိုင်ဘို့ တရားဥပဒေပြဋ္ဌာန်းရမယ်။

(၂) ထိုးဖောက်ဝင်ရောက်လာတဲ့ဝါဒဖြန့်ချိမှုကို ဖျက်ဆီးပစ်ခြင်း။

ရန်သူရဲ့ဝါဒဖြန့်ချိမှုကို တိုက်ဖျက်ဘို့အတွက် အရေးကြီးဆုံးလက်နက်ကတော့ ပြည်သူတွေအနေနဲ့ သဘောတရားရေးအရ ခိုင်မြဲစွာ စိတ်ဓါတ်ကြံ့ကြံ့ခိုင်ခိုင် ရှိနေစေဘို့ဘဲဖြစ်တယ်၊ လူထုရဲ့စိတ်ဟာ မတည်ငြိမ်ဘဲ ဟိုဟိုဒီဒီ ယိမ်းယိုင်မယ်ဆိုရင် တာဝန်ကို စွန့်ပြေးကြမှာတွေများလာရုံမက စိတ်ဓါတ်ကျဆင်းမှုတွေလဲ များလာလိမ့်မယ်။

၄။ နိုင်ငံရေးပါတီတွေ၊ ဘာသာရေးဂိုဏ်းတွေနဲ့ လွတ်လပ်တဲ့ပုံနှိပ်တိုက်တွေဟာ အစိုးရနဲ့ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမယ်။ ရန်သူရဲ့ဝါဒဖြန့်မှုကို အဟုတ်ထင်တတ်တဲ့အစိတ်အပိုင်းတွေကိုအထူးဂရုပြုရမယ်။ သူတို့တွေကတော့ လူငယ်တွေ၊ အလုပ်လက်မဲ့တွေ၊ စက်မှုလုပ်ငန်းအချက်အခြာဌာနတွေက အလုပ်သမားတွေ၊ လူနဲ့စုတွေနဲ့ဂိုဏ်းခွဲသမားတွေ ဖြစ်တယ်။

၅။ လူငယ်တွေမှာ ခိုင်မြဲတဲ့ယုံကြည်ချက်တွေဆိုလို့ မရှိကြဘူး၊ ကြွေးကြော်သံတွေ၊ အင်အားပြပွဲတွေ၊ ဝတ်စုံကို ညီတူဝတ်ရမှာတို့ကို သဘောကျလွယ်ကြတယ်။

၆။ အလုပ်လက်မဲ့တွေရဲ့နိုင်ငံရေးအယူအဆတွေကို သူတို့ရဲ့စီးပွါးရေးမပြေပြစ်မှုက လှုံ့ဆော်ပေးတယ်။ သူတို့တတွေဟာ စိတ်ဆတ်ပြီး နာကျဉ်တတ်ကြတယ်။ သူတို့ရဲ့မြော်လင့်ချက်ကို ပေါ်ပေါက်စေတဲ့အခြေခံပြောင်းလဲမှု ရှိလာတယ်ထင်ကြရင် အဲဒီပြောင်းလဲမှုဖြစ်စေတဲ့လှုပ်ရှားမှုတွေရဲ့ဘက်ကို ယိမ်းတတ်ကြတယ်။ အစိုးရဟာ ဘယ်လို ဒုက္ခသည်တွေကိုမဆို ကူညီ ထောက်ပံ့မှုတွေ အမြဲမျက်ခြေမပြတ် ကြည့်နေရမယ်။ တကယ်လို့ သူတို့တတွေဟာ အစိုးရရဲ့မယ်မယ်ရရ ကူညီထောက်ပံ့မှုကို မရနိုင်ကြရင် အခြေခံပြောင်းလဲမှုဝါဒကို အလွယ်နဲ့ ထောက်ခံသွားတတ်ကြတယ်။

၇။ စက်မှုလုပ်ငန်းအချက်အခြာနေရာတွေမှာရှိတဲ့အလုပ်သမားတွေဟာလဲ လူတန်းစားတိုးတက်မှုဆိုင်ရာစေ့ဆော်မှုကို အာရုံပြုကြတယ်။

၈။ လူနဲ့စုတွေနဲ့ဂိုဏ်းခွဲထွက်သူတွေကတော့ သွေးခွဲဝါဒဖြန့်ချိရေးလုပ်ငန်းသမားတွေအဘို့ ပစ်ကွင်းတွေဘဲ ဖြစ်ကြတယ်။

၉။ ကိုယ့်ရဲ့နောက်လိုက်တွေကို ယုံကြည်မှုရှိသထက် ရှိလာအောင် အားသစ်လောင်းပေးရုံနဲ့ မလုံလောက်ဘူး။ တချိန်ထဲမှာဘဲ ရန်သူရဲ့သဘောတရားကိုလဲ ရှုတ်ချပြီး စက်ဆုပ်ဘွယ်ဖြစ်လာအောင် လှုံ့ဆော်ပေးရမယ်။ ရန်သူဘက်ရဲ့ချွတ်ယွင်းချက်တွေအားလုံးကို လူသိနတ်ကြား ဆွေးနွေးဆန်းစစ်တင်ပြဘို့ အထူးအရေးကြီးတယ်။

၁၀။ တချို့ဒေသတွေမှာ လူမျိုးရေးခွဲခြားမှု လူနဲ့စုပြဿနာတွေနဲ့လူမှုဆက်ဆံရေး တင်းမာစေတဲ့တခြားအခြေအနေတွေလဲ ရှိတတ်ကြတယ်။ အဲဒီဒေသတွေမှာ ညီညွတ်မှုကို ကာကွယ်ထိန်းသိမ်းဘို့ ပြုပြင်ရေးလုပ်ငန်းတွေကို လုပ်ဘို့လိုအပ်တယ်။ အဲဒီဒေသတွေမှာရှိတဲ့လူတွေဟာ သွေးထိုးပေးဘို့ အလွယ်ဆုံးလူတွေဖြစ်ကြတယ်။ လူမှုဆက်ဆံရေးကိစ္စ တင်းမာမှုတွေရှိရင် တဘက်နဲ့တဘက် ကျေနပ်သွားလောက်အောင် ဖြေရှင်းလို့မရနိုင်သည့်တိုင်အောင် ဝါဒဖြန့်ပြီး အဲ

E-book is created by www.ShanYoMa.org

ဒီတင်းမာမှုတွေကို နဲပါးသွားအောင် သက်သာသွားအောင် လုပ်ပေးရမယ်။ အထူးအရေးကြီးတဲ့လူမှုပြဿနာတရပ်ကတော့ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းပေးဘို့ဘဲ ဖြစ်တယ်။

၁၁။ လူထုဆူပူလှုပ်ရှားမှုကို ထိန်းချုပ်ရာမှာ သတိရှိဘို့လိုတယ်။ ပြည်သူလူထုကိုလဲ အမြဲတစေအကဲခတ်နေရမယ်။ လူထုရဲ့လှုပ်ရှားမှုကို အခြေခံတဲ့လုပ်ငန်းတခုကြောင့် ကြိုတင်သိမြင်ဘို့ မဖြစ်နိုင်တဲ့ချွတ်ယွင်းတိမ်းပါးမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။

၁၂။ လူထုမတည်ငြိမ်မှုကို အကောင်းဆုံးချုပ်ကိုင်တဲ့နည်းကတော့ "တားမြစ်ချက်"လုပ်တာဘဲဖြစ်တယ်။ ပီးခဲ့တဲ့ဒုတိယကမ္ဘာစစ်ကြီးနဲ့မကြာသေးမီအတွင်းက ညှုးကလီးယားလက်နက်တွေရဲ့ဖွံ့ဖြိုးတိုးတက်လာမှုတွေကြောင့် တကမ္ဘာလုံးရှိ လူတွေရဲ့အာရုံကြောတွေကို ထိခိုက်စေခဲ့တယ်။ တချို့နိုင်ငံတွေသာ ဒီလိုအာရုံကြော မထိခိုက်ဘဲ လွတ်မြောက်ခဲ့ကြတယ်။ အဲဒီလို အစုလိုက်အပြုံလိုက် အာရုံကြောထိခိုက်တာဟာ လူထုရဲ့မတည်ငြိမ်မှုမှာ အခြေခံတဲ့လုပ်ငန်းဖြစ်လာဘို့ လမ်းခင်းပေးတာဘဲဖြစ်တယ်။ ဒါကြောင့် အဲဒီလိုလုပ်ငန်းမျိုး မပေါ်ပေါက်လာစေဘို့ ရရှိနိုင်သမျှ နည်းတွေနဲ့ တားဆီးပစ်ရမယ်။

၁၃။ အစုလိုက်အပြုံလိုက် အာရုံကြောထိခိုက်တဲ့အတွက် လူထုရဲ့စိတ်ဓါတ်ကို အားနဲဆုတ်ယုတ်စေတယ်။ ဒီလိုကြောက်မက်ဘွယ်အခြေမျိုးကို မရောက်ရလေအောင် လူထုအဖို့ တိကျတဲ့ရည်မှန်းချက်တခုကို သတ်မှတ်ပေးရမယ်။ ဒ့ါအပြင် အဲဒီရည်မှန်းချက်အပေါ်မှာ စိတ်ပါဝင်စားမှုထက်သန်စေဘို့လဲ ဆော်ဖန်တိုက်တွန်းပေးကြရမယ်။

၁၄။ ယုံကြည်မှု အလွန်ပြင်းထန်နေတာဟာ အကြီးဆုံးသော စိတ်ဓါတ်အင်အားဘဲဖြစ်တယ်။ အကြောင်းကတော့ အဲဒီလိုလူမျိုးတွေဟာ ချောက်လို့လဲမကြောက်၊ အရှုံးပေးဝါဒနဲ့မတည်ငြိမ်မှုတွေ ပျံ့နှံ့လာလို့လဲ မမှုတတ်ကြတဲ့အတွက်ဘဲ ဖြစ်တယ်။

၁၅။ သံသယရှင်းရှင်းနဲ့စွဲစွဲမြဲမြဲ ယုံကြည်နေလို့ရှိရင် အဲဒီယုံကြည်ချက်ကို အကြောင်းပြုပီးကိုယ့်ထက်အတတ်ပညာအားဖြင့်၎င်း၊ အရေအတွက်အားဖြင့်၎င်း၊ သာလွန်မြင့်မားတဲ့ရန်သူကို တောင်တိုက်ဖျက်ပစ်တတ်တယ်။ ရှေ့တန်းစစ်မျက်နှာမှာ တိုက်ပွဲဝင်နေတဲ့တပ်သားတွေဟာနောက်ပိုင်းလုံခြုံရာမှာ ရောက်နေကြတဲ့တပ်သားတွေ၊ အရပ်သူအရပ်သားတွေထက် စိတ်ဓါတ်အင်အားသာလွန်မြင့်မားကြတယ်။ သေမြေကြီး ရှင်ရွှေထီးသဘောမျိုးနဲ့တိုက်ပွဲဝင်နေကြတဲ့ရှေ့တန်းတပ်သားတွေဟာ စွမ်းအားထက်မျက်တဲ့အမြင်မှန်ရမှုနဲ့ ပြည့်စုံကြတယ်။ ဒါကြောင့်အရပ်သူအရပ်သားတွေရဲ့အောက်ကျသိမ်ငယ်မှုကို ပျောက်ပျက်သွားစေဘို့ သူတို့ကို ခိုင်မာတဲ့ဝါဒမျိုးသွတ်သွင်းပေးရလိမ့်မယ်။ ခုလို စစ်အေးတိုက်ပွဲဆင်နွှဲနေချိန်မှာ သဘောတရားရေးအမြင်မှန်ရဘို့လိုတယ်။ ဒီအမြင်မှန်ရမှုဟာ စွမ်းအားထက်မြက်ပီး မစွေ့စပ်တမ်း တိုက်မဲ့သဘောရှိတယ်။

၁၆။ သတင်းဖြတ်တောက်တဲ့လုပ်ငန်းတွေနဲ့ လူထုရဲ့စိတ်အားနဲမှု၊ စိတ်ဆတ်မှုတို့ကို တိုးပွားစေတဲ့အနှောင့်အယှက်တွေကို သုတ်သင်ပစ်ရမယ်။ ဥပမာ – ကောဠဟဋ္ဌသတင်းကို ချုပ်ကိုင်ထား

E-book is created by www.ShanYoMa.org

မှု၊ မနှစ်မြို့ဘွယ်သတင်းတွေကို အရေအတွက်နဲ့ပါးစေမှု ဒါမှမဟုတ် ဖုံးဖိထားမှုတို့ဖြစ်တယ်။
၁၇။ မကြုံကြိုက်ဖူးသေးတဲ့အန္တရာယ်ဟာ မတည်ငြိမ်မှုကို ဖန်တီးနိုင်တဲ့သတ္တိနဲ့ပြည့်စုံတယ်။ ဥပမာ–ပထမဆုံးအကြိမ် ရန်သူရဲ့ပစ်ခတ်မှုခံရတဲ့တပ်သားတွေနဲ့ ပထမဆုံးအကြိမ် လေကြောင်းမှ တိုက်ခိုက်တာခံရတဲ့အရပ်သူအရပ်သားတွေရဲ့စိတ်ထဲမှာ မတည်ငြိမ်မှု ဖြစ်ပေါ်တတ်တယ်။ ပုန်းလျှိုးကွယ်လျှိုးဖြစ်နေတဲ့အန္တရာယ်ရဲ့မရေမရာမှုကြောင့် ထိတ်လန့်တကြားဖြစ်မှုနဲ့စိတ်ဓါတ်ပြိုပျက်မှုတွေ ပျံ့နှံ့တတ်တယ်။ ဒါပေမဲ့ ပထမအကြိမ် အတွေ့အကြုံရှိပြီးတဲ့နောက်မှာတော့ သာမန်လူတယောက်ဟာ အလွန်အကျွံကြောက်ရွံ့မှုမရှိတော့ဘဲ လျှော့ပါးသွားမြဲဖြစ်တယ်။ တပ်သားတယောက်ဟာ တိုက်ပွဲတခါဝင်ပီးတဲ့နောက် ရင့်သန်လာမယ်။ အရပ်သူအရပ်သားတွေဟာလဲ ပထမဆုံးအကြိမ် ဗုံးကြဲခံရတဲ့အတွက် တုံလှုပ်ချောက်ခြားသွားပြီးတဲ့နောက်မှာ ခံနိုင်ရေရှိပြီး စည်းကမ်းသေဝပ်လာကြလိမ့်မယ်။
၁၈။ ဒါကြောင့် ပြည်သူလူထုကို အမြင်မှန်ရစေဘို့ သတင်းပြန်ကြားဘို့နဲ့ တပ်သားတွေကို ရှေ့တန်းစာမျက်နှာမှာ အန္တရာယ်ကို ရင်ဆိုင်စေဘို့၊ တိုက်ပွဲအတွေ့အကြုံရှိစေဘို့တွေကို လုပ်ပေးဘို့အထူးလိုတယ်။ ဒီနောက်မှာတော့ သာမန်လူတွေဟာ ဆူပူလှုပ်ရှားတာ မရှိတော့ဘဲ မရင့်သန်တဲ့လက္ခဏာတွေ ကင်းရှင်းပီး ပြုမူဆောင်ရွက်သွားပေလိမ့်မယ်။

ကောဋ္ဌာဟလသတင်း

၁၉။ ကောဋ္ဌာဟလသတင်းတွေဟာ စိတ်ဓါတ်စစ်ဆင်မှုမှာ အထူးဘဲ ထိရောက်ပြီး မပါရင်မပြီးတဲ့လက်နက်တခုဖြစ်တယ်။ ကောဋ္ဌာဟလသတင်းတွေဟာ တောမီးလောင်သလို ချက်ခြင်းပြန့်နှံ့လွယ်တယ်။ သမားရိုးကျဖြစ်တဲ့ဝါဒဖြန့်ချိနည်းတွေနဲ့ လွယ်လွယ်ကူကူ မထိုးဖောက်နိုင်တဲ့လူမှုအစိတ်အပိုင်းတွေ၊ တနည်းဆိုရင် ပညာတတ်တွေနဲ့အလယ်အလတ်တန်းစားတွေအထဲကိုပေါက်ရောက်တတ်တယ်။ ဒီသတင်းတွေကို နေရာတကာမှာ ကြားနေရတယ်။ ဈေးဆိုင်တွေထဲ၊ ရုံးတွေထဲ၊ ဘတ်စ်ကားတွေပေါ်မှာ ဖြစ်တယ်။ ကိုယ့်အသိမိတ်ဆွေတွေ လုပ်ဖေါ်ကိုင်ဘက်တွေနဲ့ အထက်လူကြီးတွေဆီကတဆင့် သတင်းစကား ကြားသိရတာဖြစ်လို့လဲ သတင်းမှန်တယ်၊ မမှန်ဘူးလို့ ဘယ်သူကမှ စောဒကမဝင်ကြတော့ဘူး။ ကောဋ္ဌာဟလသတင်းတွေကြောင့် ရှုပ်ထွေးမှုတွေ ပြန့်နှံ့သွားတတ်တယ်။ ယုံကြည်မှုလဲ ပျက်ပြားသွားရတယ်။ လူထုတရပ်လုံးကို အားအင်ကုန်ခန်းနွမ်းနယ်စေပြီး စိတ်ဓါတ်ကျဆင်းစေတယ်။ လူတွေရဲ့စိတ်အာရုံတွေကို ထွေပြားချောက်ခြားစေတယ်။ ဒါမှမဟုတ် အစုလိုက်အပြုံလိုက် မတည်ငြိမ်မှုဖြစ်ရတဲ့အခြေအနေကိုဆိုက်ရောက်စေတယ်။ ကောဋ္ဌာဟလသတင်းကြောင့် စက်မှုလက်မှုလုပ်ငန်းတွေထိန်းမနိုင်သိမ်းမနိုင်ဖြစ်သွားနိုင်တယ်။ တိုက်ပွဲမှာ တိုက်နေရတဲ့လူတွေကိုလဲ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုနဲ့ရဲဘော်စိတ်တွေကို ဖျက်ဆီးပြီး စိတ်ဓါတ်ပျက်ပြားသွားစေနိုင်တယ်။ စစ်တပ်အချင်းချင်းမဟာမိတ်အချင်းချင်း အဖွဲ့အစည်းအချင်းချင်း၊ မိတ်ဆွေအချင်းချင်း သဘောကွဲလွဲမှုတွေ ဖြစ်ပေါ်

E-book is created by www.ShanYoMa.org

စေနိုင်တယ်။

၂၀။ ကောဋ္ဌာဟလသတင်းကို ဟုတ်တယ်၊ မှန်တယ်ဆိုတဲ့သတင်းတခုလို့လဲ အခိုင်အလုံ အထောက်အထားနဲ့ပြနိုင်တာ မဟုတ်ဘူး။ ဒီသတင်းကို စလွှင့်တဲ့လူကိုလဲ မတွေ့နိုင်လို့ ဘယ်အခြေအမြစ်ကစပြီးပေါ်ထွက်လာတာဘဲလို့လဲ မသိနိုင်တဲ့လူတကာပြောဆိုကြတဲ့သတင်းစကားတမျိုးဘဲဖြစ်တယ်။ ခပ်လွယ်လွယ်ပြောရရင် ကောဋ္ဌာဟလသတင်းဆိုတာဟာ မသေမချာ မရေရာတဲ့သတင်းမျိုးဘဲဖြစ်တယ်။

E-book is created by www.ShanYoMa.org

ကောဋ္ဌာဟလသတင်းပြန့်ပွားတတ်ပုံ

၂၁။ ဒီလို မသေမချာ မရေရာလှတဲ့အခြေအနေမှာတောင် ကောဋ္ဌာဟလသတင်းတခုဟာ ဘာကြောင့် ပြန့်ပွားလာသလဲဆိုတာ အကြောင်းရှာလိုက်တော့...

(က) ထွက်ပေါ်လာတဲ့ကောဋ္ဌာဟလသတင်းဟာ လူတွေလောလောဆယ် သိပ်ပြီးစိတ်ဝင်စားနေကြတဲ့အရေးအခင်းတွေနဲ့ သက်ဆိုင်နေတတ်လို့တကြောင်း၊

(ခ) အဲဒီအရေးအခင်းနဲ့ပတ်သက်ပီး ဘာသတင်းမှမရလို့ ဖြစ်စေ၊ ဒါမှမဟုတ် ရှိပြန်ပေမဲ့ အဲဒီသတင်းတွေဟာ ကျေနပ်လောက်အောင် မပြည့်စုံလို့ တကြောင်း၊ အဲဒီအကြောင်းတွေကြောင့် ကောဋ္ဌာဟလတွေပေါ်ပေါက်ပြန့်ပွားလာတတ်တယ်။

ကောဋ္ဌာဟလသတင်းအမျိုးအစား

၂၂။ ကောဋ္ဌာဟလသတင်းဆိုတာမျိုးဟာ စပီး ဖြန့်တဲ့လူရဲ့စိတ်ဆန္ဒ ဘယ်လိုဖြစ်နေတယ်ဆိုတဲ့အချက်ပေါ်မှာ မူတည်ပြီးပေါ်ထွက်ပြန့်နှံ့လာတယ်လို့ အဲဒီသတင်းရဲ့အစပထမဆိုလိုရင်း အာဘော်ကိုလိုက်ပီး ကောဋ္ဌာဟလသတင်း ၃ မျိုး ၃ စား ခွဲထားတယ်။ အဲဒါတွေကဆိုရင်...

(က) ကြောက်ရွံ့စိုးရိမ်တဲ့စိတ်ကစပီး ဖြစ်ပေါ်လာတတ်တဲ့ကောဋ္ဌာဟလသတင်း။

(ခ) မုန်းထားရွံရှာစက်ဆုပ်တဲ့စိတ်ကစပီး ဖြစ်ပေါ်လာတဲ့ကောဋ္ဌာဟလသတင်း။

(ဂ) မြှော်လင့်တောင့်တတဲ့စိတ်ကစပီး ဖြစ်ပေါ်လာတတ်တဲ့ကောဋ္ဌာဟလသတင်းတွေဘဲ ဖြစ်တယ်။

ကြောက်ရွံ့စိုးရိမ်တဲ့စိတ်က ဖြစ်လာတဲ့ကောဋ္ဌာဟလ

၂၃။ ဒီကောဋ္ဌာဟလသတင်းမျိုးဟာ အဖြစ်အပျက်တခုခု ပေါ်ပေါက်လာမှာကို တယောက်ယောက်က အတွေးခေါင်ပီး စိုးရိမ်ပူပန်ကြောက်ရွံ့နေတာက စတင်ဖြစ်ပေါ်လာတတ်တယ်။ လူစိတ်ဆိုတာမျိုးက မကောင်းတဲ့အဖြစ်မျိုးကို မြှော်တွေးပီး စိုးရိမ်ပူပန်တတ်ကြလေတော့ ဒီလိုစိတ်မျိုး ခါတ်ခံရှိနေတဲ့လူတွေအဖို့ ကောဋ္ဌာဟလဟာ လွယ်လွယ်ကူကူ ဖမ်းစားမှာဘဲ။

မုန်းထားရှိရှာစက်ဆုပ်တဲ့စိတ်ကဖြစ်လာတဲ့ကောဋ္ဌာဟလ

၂၄။ ဒီကောဋ္ဌာဟလသတင်းမျိုးဟာ တဦးတယောက်က တခြားတယောက်အပေါ် မလိုမုန်းထားတာက စတင်ဖြစ်ပေါ်လာတတ်တယ်။ အစွဲအမြဲကြီးနဲ့မုန်းတတ်တဲ့လူတွေအဖို့ ဒီကောဋ္ဌာဟလဟာ ထိရောက်တယ်။

မြှော်လင့်တောင့်တတဲ့စိတ်က ဖြစ်လာတဲ့ကောဋ္ဌာဟလ

၂၅။ ဒီကောဋ္ဌာဟလမျိုးဟာ တယောက်ယောက်က သူရဲ့စိတ်က တမ်းတတာ၊ မြှော်လင့်တောင့်တတာက စတင်ဖြစ်ပေါ်လာတတ်တယ်။ လူတွေဟာ ဘာကိုမဆို လွယ်လွယ်နဲ့ယုံတတ်ကြလို့ ဒီကောဋ္ဌာဟလက တယောက်ကတယောက် ပြန့်နှံ့တတ်တယ်။

ကောဋ္ဌာဟလသတင်း ဖြစ်ပေါ်လာတတ်ပုံ

၂၆။ ကောဋ္ဌာဟလသတင်း ပြန့်နှံ့ဘို့ အခြေအနေနှစ်မျိုးဟာ ဖြစ်ပေါ်နေရမယ်။ တမျိုးက ကောဋ္ဌာဟလသတင်းဟာ လူတွေအတွက် အရေးပါ အရာရောက်ရမယ်။ နောက်တချက်က လူတွေ သိချင်တဲ့အရေးအခင်းနဲ့ပတ်သက်ပြီး လုံးဝဘာသတင်းမှမရတဲ့အခြေအနေမျိုး၊ ဒါမှမဟုတ် ရတဲ့သတင်းက မဖြစ်စလောက်၊ မလုံလောက်တဲ့အခြေအနေမျိုးဖြစ်နေရမယ်။ ကောဋ္ဌာဟလသတင်းတခုဟာ ဘယ်လိုစပြီး ဖြစ်ပေါ်လာသလဲဆိုတော့...

(က) ရန်သူက ကိုယ့်ဘက်မှာ မသိအောင် သွင်းထားတဲ့ကိုယ်စားလှယ်တွေကဖြစ်စေ၊ ကိုယ့်ဘက်သားထဲက သစ္စာဖောက် ရန်သူ့အလိုတော်ရိတွေက ဖြစ်စေ တမင်ကလာစပြီး လွှင့်ပေးလို့ ဖြစ်ပေါ်လာတတ်တယ်။

(ခ) သတင်းအပြည့်အစုံ၊ ဒါမှမဟုတ် မှန်ကန်တဲ့အချက်အလက် အပြည့်အစုံထဲက သတင်းအပိုင်းအစကလေးတခုကိုသာ ရပြီး ကိုယ်နားလည်သလို၊ ယူဆပြောဆိုရာကအစ ဖြစ်ပေါ်လာတတ်ပုံ။ အဲဒီလိုပြောဆိုရာမှာ ကိုယ့်စိတ်ထဲမှာ ဖြစ်နေတဲ့မုန်းစိတ် ကြောက်စိတ်နဲ့မြှော်လင့်စိတ်တွေအရ ကိုယ်လိုသလို ဆွဲပြီး ထင်မှတ် ယုံကြည်မိတဲ့အတိုင်း ပြောဆိုရာက ဖြစ်ပေါ်လာတတ်တယ်။

ဘာကြောင့် ကောဋ္ဌာဟလသတင်းတွေ ပြန့်နှံ့ရသလဲ

၂၇။ ကောဋ္ဌာဟလသတင်းတွေကို တဆင့်စကား တဆင့်နားနဲ့ဖောက်သည်ချတတ်ကြတယ်။ ထွက်လာတဲ့ကောဋ္ဌာဟလဟာလဲ အင်မတန် အုံ့ဩလောက်အောင် တောမီးလို ပြန့်နှံ့သွားတတ်တယ်။ ဘာပြုလို့ ဒီလိုပြန့်နှံ့ရသလဲဆိုတော့...

(က) အကြောင်းကိစ္စတခုခုအတွက် ခိုင်လုံတဲ့သတင်းအထောက်အထား လုံလုံလောက်လောက် မရနိုင်တဲ့အခါမျိုးမှာ ကောဋ္ဌာဟလသတင်းတွေက အဖြေသဘောမျိုး ဖြစ်သွားတတ်တယ်။

E-book is created by www.ShanYoMa.org

(ခ) လူတယောက်ဟာ သူလုပ်တဲ့အလုပ်တခု မှားသွားမှန်းသိတဲ့အခါ သူရဲ့အသရေကို ဆယ်ချင်တဲ့အခါမှာ ကောဠာဟလသတင်းကို လွှင့်တတ်တယ်။
(ဂ) လူတယောက်ဟာ လူတစုကို မုန်းနေတဲ့အခါ အဲဒီလူတွေရဲ့အကျိုးကို ထိခိုက်မဲ့ဒီလူတွေရဲ့မကောင်းသတင်းတွေကို အားပါးတရ ဖြန့်လွှင့်ပေးပြီး သူ့ရင်ထဲရှိနေတဲ့မုန်းစိတ်အလုံးကြီး ကျသွားအောင် လုပ်ချင်တဲ့အခါမှာ ကောဠာဟလကို လွှင့်တတ်တယ်။
(ဃ) လူတွေ ဇဝေဇဝါ ချီတုံချတုံဖြစ်နေတဲ့အချိန်မျိုးမှာ လူတယောက်က တခြားလူတွေရဲ့အရေးကြီးတဲ့မေးခွန်းတွေကို ဖြေနိုင်ရင်၊ လူတွေရဲ့စိတ်လှုပ်ရှားမှုတွေကို သက်သာရာရအောင် လုပ်ပေးနိုင်ရင် သူများရဲ့အထင်ကြီးမှုကို ရတတ်တယ်။ ဒါကြောင့် အဲဒီလိုအများအထင်ကြီးအောင် လုပ်ချင်တဲ့လူတွေကလဲ ကောဠာဟလသတင်းတွေကို လွှင့်တတ်တယ်။

E-book is created by www.ShanYoMa.org

ကောဠာဟလသတင်းများ ပြောင်းလဲတတ်ခြင်း

၂၇။ ကောဠာဟလသတင်းရက်နဲနဲကြာသွားရင် မူလသဘောဟာ ပြောင်းလဲသွားတတ်တယ်။ ''ခလုပ်တိုက်'' တာဟာ ''ဖါးပြုတ်ကိုက်''တာဖြစ်သွားသလို၊ နားရွက်ကားကားနဲ့ ကလေးမွေးဖွားတာကို နဂါးလေးမွေးတယ်လို့သတင်းဖြစ်သလိုပေါ့။ တဆင့်စကား တဆင့်နားနဲ့ဖောက်သယ်ချရတော့ မူလသဘောမဟုတ်တော့ဘဲ ပြောင်းသွားတာပေါ့။ ဘာ့ကြောင့် ပြောင်းရသလဲဆိုတော့–
(က) ဒို့တတွေဟာ သတင်းတခုခုကို ကြားရတဲ့အတိုင်း အတိအကျပြန်ပြီး ပြောဘို့မမှတ်မိတဲ့အခါ နောက်လူကို ဖောက်သယ်ချရာမှာ ကိုယ်မှတ်မိသလောက်သာ ပြောပြီး ကျန်တဲ့အပိုင်းကို အဆင်ပြေသလို ဆွဲပြီးပြောသွားတတ်ကြတယ်။
(ခ) အဲဒီလို သတင်းတွေကို တဆင့် ကိုယ်ကပြန်ပြောပြတဲ့အခါ နဂိုရှိရင်းစွဲအပြင် ကိုယ့်ရဲ့အယူအဆတွေကိုပါ ထည့်ပြောတတ်ကြတယ်။ ဒီလိုထည့်ပြောတာဟာ သတင်းကို ပိုပြီးလေးနက်စေချင်လို့၊ ဒါမှမဟုတ် ကိုယ့်ကိုသူများ အထင်ကြီးစေချင်လို့ဖြစ်တယ်။

ကောဠာဟလသတင်းများကို မည်သို့ဖျောက်ဖျက်ရပုံ

၂၈။ ကောဠာဟလသတင်း ထွက်ပေါ်လာရင် ဖျောက်ဖျက်နှိမ်နင်းရမဲ့နည်းတွေကတော့...
(က) လူတွေရဲ့စိတ်မှာ မရှင်းမလင်းဖြစ်ပြီး စိတ်ရှုတ်ထွေးစရာ အချက်အလက်တွေကို ကျေနပ်လောက်အောင် ရှင်းလင်းပေးရမယ်။
(ခ) လူတွေကို ကြောက် မုန်း မြှော် စိတ်တွေနဲ့ ဆွဲဆောင်တာကို မပါရအောင် ပညာပေးရမယ်။ ဘာဖြစ်လို့ ဒီလိုကောဠာဟလတွေ ပေါ်လာတယ်ဆိုဒါ ရှင်းပြရမယ်။
(ဂ) ကောဠာဟလသတင်းထွက်ပေါ်လာတာနဲ့ အခြေအမြစ်ကို မြန်မြန်ရှာပြီး အမှန်ဖြစ်တဲ့အချက်တွေကို ကိုယ်က မြန်မြန်ရှင်းပြရမယ်။

ကြောက်စိတ်ဖြစ်ပေါ်စေသည့်ကောဋ္ဌာဟလ

၃၀။ (က) ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်စစ်တပ်ဟာ ပြင်သစ်ပြည်ကိုတိုက်နေတဲ့အချိန်မှာ ဘယ်လ်ဂျီယံနယ်စပ်မှာရှိတဲ့ပြင်သစ်ရဲ့မာဂျီနိုခံတပ်ကို ကာကွယ်ပြီး တိုက်နေကြတဲ့ပြင်သစ်တပ်တွေထဲကို သူတို့ရဲ့သူလျှိုတွေလွှတ်ပြီး "မာဂျီနိုခံတပ်ရဲ့နောက်ပိုင်းမှာ ဂျာမန်လေထီးတပ်သားတွေဆင်းပြီး ပြင်သစ်စစ်တပ်ရိက္ခာလမ်းကြောင်းတွေကို ဖြတ်တောက်ပစ်နေကြပြီ"လို့ ကောဋ္ဌာဟလသတင်းတခု လုပ်ကြံလွှင့်ခဲ့ကြတယ်။ ဒီအချိန်မှာ ပြင်သစ်တပ်တွေဟာ သူတို့ရဲ့နောက်ပိုင်းကို ရန်သူတကယ်ရောက်တယ်၊ မရောက်ဘူးဆိုတာ သတင်းအတိအကျ မသိရတဲ့အတွက် ဒီကောဋ္ဌာဟလသတင်းကိုဘဲ ယုံရပြီး ခံတပ်ကို စွန့်ပြေးကြလို့ ဂျာမန်တွေလဲ ပြင်သစ်တပြည်လုံးကို အလွယ်နဲ့သိမ်းပိုက်နိုင်ခဲ့တယ်။

(ခ) ပဌမကမ္ဘာစစ်ကြီးပြီးခါနီးမှာ ဂျာမန်ရေတပ်အထဲမှာ ကောဋ္ဌာဟလသတင်းတခုဖြစ်တယ်။ အဲဒီသတင်းက ဂျာမန်ရေတပ်တတပ်လုံးကိုပင်လယ်ထဲလွှတ်ပြီး နောက်ဆုံးအပြီးသတ်စစ်ပွဲကြီးတပွဲကို တိုက်ခိုင်းလိမ့်မယ်။ ဒီလို ပင်လယ်ထဲလွှတ်ပြီး တိုက်ခိုင်းရတဲ့အကြောင်းကတော့ ရန်သူကို တိုက်ခိုက်လို့ မနိုင်ရင် အညံ့ခံ အရှုံးပေးပြီး အရှက်တကွဲ အကျိုးနဲဖြစ်ရမှာထက် တိုက်ရင်းခိုက်ရင်း နစ်မြှုပ်ပျက်စီးတာကိုဘဲ ခံကြဘို့ဖြစ်တယ်ဆိုတဲ့သတင်းဘဲ။ ဒီလိုလုပ်ကြံဖြန့်ချိတဲ့ကောဋ္ဌာဟလကြောင့် ဂျာမန်ရေတပ်သားတွေဟာ ပုန်ကန်ကြတယ်။ နောက်ဆုံးဂျာမန်ရေတပ်ဟာ လက်နက်ချ အညံ့ခံတော့တာဘဲ။

(ဂ) ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်စစ်ဗိုလ်ချုပ်တယောက်ဖြစ်တဲ့ရိုးမဲလ်ကို ရဲဘော်တို့ကြားဘူးမှာပေါ့။ သူဟာ တိုက်ရည်ခိုက်ရည် စစ်တက်စစ်ထိုး စစ်ကစားတဲ့နေရာမှာ အတော်ကျွမ်းကျင်တဲ့လူဘဲ။ မြောက်အမေရိကတိုက် သဲကန္တာရစစ်မြေပြင်တွေမှာဆိုရင် အင်္ဂလိပ်နဲ့မဟာမိတ်တပ်တွေ သူ့နံမယ်ကြားရရုံနဲ့ ကြောက်ချီးချမ်းခဲ့ကြတယ်။ သူဟာ စစ်မျက်နှာအနှံ့အပြားဆီကို မနားတမ်းသွားရောက် လှည့်လည်ပြီး တိုက်ခိုက်တတ်တဲ့အတွက် တချိန်ထဲမှာ စစ်မျက်နှာအနှံ့အပြားကို ရိုးမဲလ် ရောက်နေတယ်လို့အင်္ဂလိပ်အမေရိကန်တပ်တွေက ထင်ကြတယ်။ ရိုးမဲလ်ဟာ လူသာမန် မဟုတ်ဘူး။ ကိုယ်ပျောက်မြေရှိုးလို့ မိုးပျံနိုင်တဲ့အတတ်နဲ့ ဒို့ကို တိုက်နေတာဆိုတဲ့စိတ်တွေဖြစ်ပီး ရန်သူနဲ့ ရင်မဆိုင်ရဲတဲ့အဖြစ်၊ ရိုးမဲလ်အသံကြားတာနဲ့ ကြောက်ဒူးတုန်တဲ့အဖြစ်မျိုးကို တွေ့ခဲ့ရတယ်။ ဒီကောဋ္ဌာဟလကို တော်တော်နဲ့ပျောက်အောင် မလုပ်နိုင်ခဲ့ဘူး။ နောက်ဆုံးမှာတော့ မဟာမိတ်တပ်တွေဟာ ရိုးမဲလ်ဆိုတဲ့နံမယ်ကို ဘယ်သူမှ မပြောရဘူး။ မဆွေးနွေးရဘူး မလိုက်နာတဲ့လူကို ကြီးလေးတဲ့အပြစ်ဒဏ်ပေးမယ်လို့တောင် အမိန့်တွေ ထုတ်ပြန်ခဲ့တယ်။ အဲဒီသာဓကဟာဆိုရင် ကောဋ္ဌာဟလကြောင့် ကြောက်စိတ်ကို ဘယ်လောက်ဖြစ်စေနိုင်တယ်ဆိုတာ ရဲဘော်တို့ နားလည်ထားဘို့ဘဲ။

E-book is created by www.ShanYoMa.org

E-book is created by www.ShanYoMa.org

မုန်းစိတ်ဖြစ်ပေါ်စေသည့်ကောဋ္ဌာဟလ

၃၁။ မုန်းတီးစိတ် ဖြစ်ပေါ်လာအောင် လုပ်ကြံသတင်းဖြန့်တဲ့နည်းဟာ အတော်ထိရောက်တယ်။ ဒီနည်းကို အများဆုံးအသုံးပြုကြတယ်။ “အာရှတိုက်သည် အာရှတိုက်သားတို့အဖို့သာ”ဆိုတဲ့ ကြွေးကြော်သံကို လူကြိုက်များနေကြတယ်။ ဒါဟာ နိုင်ငံခြားသားအုပ်စိုးတာကို မုန်းစိတ်ဖြစ်အောင် လှုံ့ဆော်ပေးတဲ့အချက်ဖြစ်တယ်။ “အမေရိကန်ဟာ ရုရှားကို တိုက်ဖျက်ဖို့အတွက် အာရှတိုက်ကို စစ်မြေပြင်ဖြစ်အောင် ကြိုးစားနေတယ်။ သူတို့အမေရိကန်လူမျိုးတွေအစား အာရှတိုက်ရှိလူတွေကို ယဇ်ပူဇော်ဘို့လုပ်နေတယ်”လို့ စွပ်စွဲချက်၊ အဲဒါတွေဟာ မုန်းစိတ်ကို နှိုးဆွပေးတာတွေဘဲ။

မြှော်လင့်စိတ်ဖြစ်ပေါ်စေသည့်ကောဋ္ဌာဟလ

၃၂။ ဒီကောဋ္ဌာဟလကတော့ ဆန္ဒကို လှုံ့ဆော်ပေးတယ်။ အဓိကအနေနဲ့ နားထောင်တဲ့လူတွေကို နှစ်သိမ့်ပေးဘို့ဖြစ်တယ်။ လူမှန်ရင် ယောကျ်ား၊ မိန်းမ၊ ကလေး၊ ကြီးငယ်မရွေး သေမှာကြောက်တယ်။ တိုက်ပွဲမှာ တိုက်စိတ်တွေ ပြင်းထန်ခိုက်တော့ သေရေးကို မတွေးမိဘဲရှိမယ်။ ဒါပေမဲ့ တကယ်တမ်း ဘယ်သူမှ မသေချင်ကြဘူး။ ဘယ်လောက်စိတ်ထက်ထက်သန်သန်နဲ့ တိုက်နေပေမယ့်လို့ တနေ့ကျရင် အသက်မသေဘဲ နောက်ပိုင်းပြန်ရောက်ချင်တဲ့လူတွေချည်းဘဲ။ စစ်မြေပြင်မှာတွေ့ကြုံခံစားနေရတဲ့ဆင်းရဲပင်ပန်းမှုတွေနဲ့ စစ်မတိုက်ခင်ဇိမ်နဲ့နေခဲ့ရတဲ့ဘဝကို နှိုင်းယှဉ်ပြရင် ဇိမ်နဲ့နေရတဲ့ဘဝကို သတိရစေတယ်။ စစ်တိုက်ရလို့ ငြီးငွေ့ချင်တဲ့လူဟာ မြှော်လင့်စရာတွေပါတဲ့ဆွဲဆောင်ချက်နဲ့တွေ့လိုက်ရင် အဲဒီသူ့မြှော်လင့်ချက်ပြည့်ဝဘို့ သူတယောက်ထဲ ကြိုးစားမှာဘဲ၊ မြှော်လင့်စိတ်ကို နှိုးဆွပေးပြီး စိတ်ဓါတ်ကျအောင် လုပ်နည်းလဲရှိသေးတယ်။ ဥပမာ ရဲဘော်တို့ကို ရှေ့တန်းစစ်မျက်နှာမှာ ဆယ်လကိုးသတင်းစစ်တိုက်နေရာက သကြ်န်ရက်အတွင်း မြို့ပေါ်ပြန်ပြီး အနားယူခွင့် ပေးတော့မယ်လို့ ပဌမသတင်းလွှင့်လိုက်တဲ့အခါ ရဲဘော်တွေဟာ ပျော်မဆုံးဖြစ်သွားကြပေမဲ့ တကယ်တော့ ဒီသတင်းဟာ မဟုတ်ဘူး၊ ရှေ့ကို ဆက်တိုက်ဘို့ကိစ္စတွေတောင်ရှိသေးတယ်လို့ ဆိုင်ရာက ပြောပြတဲ့အခါမှာ စောစောကထဲက ဘာမှမပြောဘဲနေလိုက်တာက ကောင်းအုံးမယ်။ ခုလိုမြှော်လင့်ချက်ပေးပြီးမှ လျှော့ချသွားတာမျိုးဟာ လူရဲ့စိတ်ကို အင်မတန် ထိခိုက်စေပြီး စိတ်ဓါတ်ကျစေနိုင်တယ်။

နိဂုံး

၃၃။ ကောဋ္ဌာဟလသတင်းတွေကို ချုပ်ကိုင်ဘို့ရာ မလွယ်ကူဘူး၊ ဘယ်လူက တီထွင်လိုက်မှန်းကိုလဲ မသိရပေမဲ့ တကယ်တမ်း အရေးကြီးတဲ့ပြဿနာတွေနဲ့ ပတ်သက်နေတဲ့အတွက် ကူးစက်ပြန့်ပွားမှုဟာမြန်လွန်းတယ်။ အစိုးရအနေနဲ့ဒီကောဋ္ဌာဟလသတင်းမျိုးကို သမံကာလျှံကာကလေး ငြင်းဆိုလိုက်တာမျိုးနဲ့တော့ ဒီသတင်းမျိုးဟာ အားနဲမသွားတဲ့အပြင် ပိုပြီးခိုင်လုံစေတတ်တဲ့သ

ဘောရှိတယ်။ တတ်နိုင်ရင် အဲဒီကောင္ဌာဟလသတင်းရဲ့အမြစ်ကို ရှာဖွေသင့်တယ်။ နောက်ပြီး မကြာခဏ ပေါ်လာတဲ့ဒီအဖြစ်မျိုးကို အမြစ်ပါဖြုတ်ပစ်ဘို့အတွက် သတင်းပျံ့စေနိုင်တဲ့နည်းလမ်းတွေကို အသုံးပြုရမယ်။

၃၄။ လူထုအမြင်မှန်ရအောင် မျက်စိပဒေသာရှိစေမဲ့ ရုပ်ပုံကားတွေ၊ နံရံကပ်ကြော်ငြာတွေ လိုတယ်။ ဒါတွေကို ရိုးရိုးနဲ့လွယ်လွယ်ဖေါ်ပြထားရမယ်။ ဟာသဂုဏ်မြောက်ပြီး နားလည်ဘို့လွယ်ကူတဲ့ကြွေးကြော်သံတွေ၊ ဖတ်လွယ်တဲ့အရေးအသားတွေသာ ဖြစ်စေရမယ်။

၃၅။ အမှန်မှာတော့ အမြင်မှန်ရစေဘို့ သက်သက်လောက်နဲ့ ကောင္ဌာဟလသတင်းတွေကို တိုက်ဖျက်ဘို့မလုံလောက်ဘူး။ ပြင်းပြင်းထန်ထန် ပြစ်ဒဏ်ပေးတဲ့စံနစ်ကိုလဲ အသုံးပြုရအုံးမယ်၊ ဒီစံနစ်မျိုးကို လူသိရှင်ကြားကျင့်သုံးတာ အန္တရာယ်ကို တိုက်ဖျက်ဘို့လုပ်ငန်းမှာ မပါရင် မပြီးနိုင်တဲ့ကိစ္စဘဲဖြစ်တယ်။

၃၆။ နိဂုံးချုပ်အနေနဲ့ ရဲဘော်တို့ဟာ ရန်သူရဲ့ဖြန့်လွှင့်တဲ့ကောင္ဌာဟလတွေကို စဉ်းစားချင့်ချိန်ပြီး ယုံကြည်ကြဘို့၊ ရန်သူရဲ့နည်းပရိယာယ်တွေအနက်က ဒီကောင္ဌာဟလဟာ ဘယ်လောက်တိုက်စွမ်းရည်နဲ့ တိုက်စိတ် ခိုက်စိတ်ကို ယုတ်လျော့စေတယ်ဆိုတာ နားလည်ထားရတယ်။ ကောင္ဌာဟလသတင်းတွေရဲ့ထိရောက်ပုံကို သဘောပေါက်သိရှိထားပြီး အရာရာချင့်ချိန်ပြီး ယုံကြည်ကြဘို့နဲ့ ကိုယ်က ဝါဒဖြန့်ချိတဲ့အခါမှာတော့ ဒီကောင္ဌာဟလသတင်းတွေကို ဘယ်လိုဖြန့်ချိရမယ် ဘယ်လိုကိုယ့်ဘက်က အကျိုးရှိအောင် အသုံးချရမယ်ဆိုတာကို မှတ်ထားကြစေလိုတယ်။

## တန်ပြန်ဝါဒစစ်ဆင်ရေး

### အချီး

၁။ တိုးတက်နေတဲ့ခေတ်သစ်စစ်ကာလအတွင်းမှာတိုင်းပြည်နိုင်ငံတွေဟာ စိတ်ဓါတ်စစ်ဆင်ရေးလုပ်ငန်းကို အရင်တုန်းကထက် အဆပေါင်းအများကြီးတိုးပြီး လုပ်နေကြတယ်။ ဒို့အမှုထမ်းများဟာလဲ ရန်သူရဲ့စိတ်ဓါတ်စစ်ဆင်ရေးနဲ့ အချိန်မရွေး ရင်ဆိုင်ကြရမှာဘဲ။ ဒီလိုရင်ဆိုင်ရတဲ့အခါမျိုးမှာ ဒို့တတွေဘက်က ဘာမှမသိနားမလည်ထားရင် ရန်သူရဲ့စိတ်ဓါတ်စစ်ဆင်မှုနဲ့ ကျရောက်မဲ့ဘေးအန္တရာယ်ကို ကာကွယ်နိုင်စွမ်း ရှိမှာမဟုတ်ဘူး။ ရန်သူက ဒို့ကို စိတ်ဓါတ်စစ်ဆင်တဲ့အခါမှာ ဒို့ကို မထိရောက်နိုင်အောင် ဒို့မှာအကာအကွယ်တွေ ရှိထားရမယ်။ ဒို့ဘက်မှာ ရန်သူက အခွင့်ကောင်းယူပြီး နည်းအမျိုးမျိုးနဲ့ ချယ်လှယ်အသုံးချနိုင်တဲ့အချက်တွေ ရှိတယ်။ ဒါတွေကဆိုရင် ဒို့ဘက်က အားနဲတဲ့အချက်တွေ၊ ချွတ်ယွင်းချက်တွေ၊ ဥပမာ – ဒို့ဘက်က မကျေမနပ်ဖြစ်နေတာတွေ၊ စိတ်ဝမ်းကွဲနေတာတွေ အစရှိတဲ့ဟာကွက်တွေကို ဒို့အနေနဲ့ သိထားမှဖြစ်မယ်။ ဒီအချက်တွေကို အကွက်ဝင်ရင် ဝင်သလို ရန်သူက သုံးပြီး ဒို့ကို ဆွဲဆောင်ဖြားယောင်းမှာတွေ၊ ဒို့အချင်းချင်း သွေးကွဲအောင် လုပ်မှာတွေ၊ ဒို့ရဲ့စိတ်ဓါတ်တွေ ပျက်ပြားအောင်လုပ်မှာတွေ၊ ဒို့ရဲ့စိတ်တွေဇဝေဇဝါဖြစ်သွားအောင် လုပ်မှာတွေသိထားကြရမယ်။ ရန်သူက ဒို့ကို စိတ်

E-book is created by www.ShanYoMa.org

ဓါတ်စစ်ဆင်မယ်ဆိုတာကို ဒို့က နောကျေအောင် သိထားဘို့လိုတယ်။ ရန်သူ့ဝါဒဖြန့်နည်းတွေ ပရိယာယ်တွေကိုသိထားနားလည်ထား သဘောပေါက်ထားရင် ရန်သူရဲ့အကြံအစည်ကို ထိခိုက်စေနိုင်တယ်။ သူတို့ရဲ့ဝါဒဖြန့်မှုလဲ ပျက်ပြားသွားမယ်။

ရည်ရွယ်ချက်။

၂။ ဒီသင်ခန်းစာကို ပို့ချရတဲ့ရည်ရွယ်ချက်ကတော့ ရဲဘော်တို့ဟာ ရန်သူနဲ့ရင်ဆိုင်ရတဲ့အခါမှာ လက်နက်အင်အား လူအင်အားနဲ့တိုက်ရတဲ့စစ်ပွဲတွေရဲ့အတွေ့အကြုံတော့ ရထားပေမဲ့ ရန်သူရဲ့ ဝါဒစစ်ဆင်မှု၊ တနည်းအားဖြင့် စိတ်ဓါတ်စစ်ဆင်မှုဆိုတဲ့စစ်ဆင်နည်းတမျိုးရဲ့အကြောင်းကို သိ ထားစေဘို့ဖြစ်တယ်။ ဒီလိုရန်သူရဲ့စိတ်ဓါတ်စစ်ဆင်မှု အကြောင်းကို သိရှိနားလည် သဘောပေါက်ထားမှသာ ရဲဘော်တို့တတွေဟာ တိုက်ရည်ခိုက်ရည်နဲ့ စိတ်ဓါတ်တွေ တောင့်တင်းခိုင်မာမယ်။

ရန်သူ့ဝါဒဖြန့်နည်း အခြေခံသဘော

၃။ ရန်သူဘက်က ဒို့ဘက်ကို တိုက်ပွဲဖြစ်နေတဲ့အခြေအနေတွေမှာ ဝါဒဖြန့်တဲ့ရည်ရွယ်ချက်ကတော့ ဒို့တတွေရဲ့တိုက်ခိုက်ရည်နဲ့စိတ်ဓါတ်တွေကို ကျဆင်းစေဘို့ဖြစ်တယ်။ သူတို့ဝါဒဖြန့်တဲ့ပုံက ရိုးရိုးလေးနဲ့ထပ်တလဲလဲဖြစ်ပြီး ကြားရသူရဲ့စိတ်ကို ထိခိုက်လွယ်စေတတ်တယ်။ နောက်ပြီး တနည်းမရ တနည်းနဲ့ဆိုသလို အမျိုးမျိုးနည်းတွေ ရေလဲသုံးပြီး အကျိုးအကြောင်းဆီလျော်တဲ့ အနေမျိုးရောက်အောင် လုပ်တတ်တယ်။ အကွက်ဆိုက်ရင် ဆိုက်သလို အခွင့်အလမ်းပေါ်ရင် ပေါ်သလို သူတို့ရဲ့ရည်ရွယ်ချက် အောင်မြင်စေဘို့ မှန်တာကိုတောင် အမှောက်မှောက် အမှားမှား ဖြစ်သွားအောင် လုပ်တတ်ကြသေးတယ်။ နောက်ပြီး ဒို့ဘက်က ရှိသမျှတွေ တွေ့သမျှချွတ်ယွင်းချက်တွေကိုရှာပြီး ကမောက်ကမဖြစ်အောင်လုပ်တတ်တယ်။ တယောက်နဲ့တယောက် မုန်းအောင်လုပ်တတ်တယ်။ မလိုမုန်းထားစိတ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးတတ်ကြတယ်။

(က) ရန်သူ့ဝါဒဖြန့်ချိပုံသဘော

ရန်သူဟာ ဒို့တတွေကို သွေးခွဲပေးတဲ့စံနစ်နဲ့ ရန်တိုက်ပေးတတ်တယ်။ သွေးခွဲတဲ့နည်း အမျိုးမျိုးကို ရေလဲနဲ့သုံးသွားတတ်ကြတယ်။ ရန်သူအယူအဆက ဘယ်အဖွဲ့အစည်း ဘယ်အစည်းအရုံးမှာမဆို ချွတ်ယွင်းချက်တွေရှိတယ်။ အဲဒီချွတ်ယွင်းချက်တွေဟာ ဝါဒဖြန့်ချက်နဲ့တွေ့လိုက်တဲ့အခါမှာ စည်းလုံးမှုဆိုတာအလိုလိုပျက်ပြားသွားတတ်တယ်တဲ့။ သွေးခွဲနည်းကိုကောင်းကောင်းအသုံးချတတ်မယ်ဆိုရင် အင်မတန် ခိုင်မြဲညီညွှတ်တဲ့အစိုင်အခဲတွေ၊ မျိုးချစ်စိတ်တွေကိုတောင် လှုံ့ဆော်ဂယက်ရိုက်သွားစေနိုင်တယ်။ ဝါဒဖြန့်စစ်ဆင်တဲ့အခါမှာ ဒီလိုသွေးခွဲမှုမျိုးကို သုံးမယ်ဆိုရင် တပ်တွင်းသူပုန်မှုတွေ၊ အကြည်ညိုပျက်မှုတွေ ဖြစ်ပေါ်လာစေနိုင်တယ်။ ဥပမာ–

E-book is created by www.ShanYoMa.org

ဗမာပြည်ထဲရောက်နေတဲ့ရှမ်းတပ်သားတွေကို ရှမ်းပြည်မှာ ကလေးဖွားစာရင်း တိုးတက်နေတာဟာ ရှမ်းပြည်ရောက် ဗမာစစ်သားတွေရဲ့ပယောဂမကင်းဘူးလို့ပြောပြီး ရှမ်းပြည်ရောက်ဗမာစစ်သားတွေကိုတော့ မင်းတို့ဗမာစစ်သားတွေဟာ ရှမ်းလူမျိုးတွေအတွက် သက်သက်တရုပ်ဖြူကို အသေခံတိုက်နေကြတာပါလို့ပြောတာမျိုး ဖြစ်တယ်။ ဒီနည်းဟာ သွေးခွဲအနိုင်ယူတဲ့သဘောဖြစ်တယ်။

(ခ) ကွန်မြူနစ်ဝါဒဖြန့်ပုံသဘော

ကွန်မြူနစ်တွေရဲ့ဝါဒဖြန့်ပုံ မူလသဘောကတော့ အရင်းရှင်ဝါဒဟာ မကောင်းမှုဟူသမျှနဲ့ အရင်းအမြစ်ဖြစ်တယ်ဆိုတဲ့အချက်ဘဲဖြစ်တယ်။ ပြည်သူလူထုကြီးဟာ အဖိအနှိပ်ခံနေရရုံမက အရင်းရှင်ဝါဒကို အားပေးတဲ့နိုင်ငံတကာစီးပွားရေးလုပ်ငန်းကြီးတွေနဲ့လဲ တပတ်ရိုက်ခံနေရတယ်။ အဲဒီအဖိနှိပ်ခံလူထုကို အသိဉာဏ်ဖွင့်ပေးနိုင်ရင် အရင်းရှင်ဝါဒ တိုက်ဖျက်ရေးမှာ လူထုထဲလဲ လက်တွဲပြီး ပါလာလိမ့်မယ်။ ဒါကြောင့် ကွန်မြူနစ်တွေဟာ လူထုက သူတို့ကို အားပေးစေဘို့ အမေရိကန်တွေကို မနရှင်စစ်ဝါဒီသမားတွေလို့စွပ်စွဲပြီး ဝါဒဖြန့်တိုက်ပွဲဆင်တာကို အမြဲလုပ်နေကြတာဖြစ်တယ်။ ကွန်မြူနစ်တွေသုံးနေကြဖြစ်တဲ့နည်းတနည်းကတော့ လူတွေ အများသုံးနေကြတဲ့စကားလုံးတွေဖြစ်တဲ့ "ငြိမ်းချမ်းရေး" "လွတ်လပ်သောလူမျိုး" ဒီမိုကရေစီစတဲ့စကားအခေါ်အဝေါ်တွေကို တွင်တွင်ကြီး သုံးပြီးတော့ အရင်းရှင်အကြောင်းကိုဆိုရင် "နယ်ချဲ့စံနစ်" "ဖိနှိပ်မှု""ခေါင်းပုံဖြတ်" "ဖောက်ပြန်ရေးသမား" "ဖက်ဆစ်ဘီလူး"စတဲ့စကားလုံးတွေကို ထည့်သွင်းဝါဒဖြန့်တတ်ကြသည်။

E-book is created by www.ShanYoMa.org

တဦးချင်းဆိုင်ရာ စိတ်ဓါတ်နှင့်ပတ်သက်သောထိကွက်များ

၄။ လူတွေမှာ လူတိုင်းလူတိုင်း တဦးချင်းနဲ့ဆိုင်တဲ့စိတ်ဓါတ်နှင့်ပတ်သက်တဲ့ထိကွက်တွေက အနည်းနှင့်အများ ရှိကြစမြဲဘဲဖြစ်တယ်။ အဲဒါတွေကဆိုရင် ကိုယ့်အကြောင်းကို ကြွားချင်တဲ့စိတ်၊ တခြားလူပေါ် မနာလိုမုန်းထားပြီး ဂုဏ်ပြုချင်တဲ့စိတ်၊ မတော်လောဘတပ်မက်တဲ့စိတ်တွေဖြစ်တယ်။ တဦးစီ တယောက်စီကို ကိုယ့်ဘက်ပါလာအောင် ဆွဲဆောင်ယူတဲ့အခါမှာ အဲဒီလိုစိတ်မျိုးတွေကို နားလည်ပီး ထိကွက်တွေ ရွေးချယ်အသုံးချရတယ်။ စစ်မြေပြင်မှာရှိတဲ့စစ်သားတွေကို ကိုယ့်ဘက်ပါလာအောင် ဆွဲဆောင်ဝါဒဖြန့်တဲ့အခါမှာလဲ အဲဒီသဘောအတိုင်းဘဲ၊ သူတို့မှာရှိတဲ့ဒီလိုထိကွက်မျိုးတွေကို မိအောင် ဆွဲဆောင်အသုံးချနိုင်ရင် ထိရောက်နိုင်တယ်။ စစ်သားတွေ၊ စစ်ရဲနဲ့ရဲအမှုထမ်းတွေမှာ အများအားဖြင့် ဘယ်လိုထိကွက်များ ရှိသလဲဆိုတော့ အသက်ဘေးအန္တရာယ်ကင်းချင်တဲ့စိတ်နဲ့ နေအိမ်ကို အမှတ်ရတဲ့စိတ်တွေ ဖြစ်တယ်။ အဲဒီထိကွက်မျိုးကို အသုံးချတတ်ရတယ်။

(က) ဘေးအန္တရာယ်ကင်းရေးကို လိုလားတတ်ခြင်း

အပြန်အလှန်တိုက်ခိုက်နေကြတဲ့အခါမှာ ဒို့ဘက်က စစ်သားတွေ သစ္စာဖောက်သွားချင်အောင် ရန်သူက အဲဒီကိုယ့်ရဲ့ဘေးကင်းချမ်းသာမှုကို လိုလားတပ်မက်လာတဲ့စိတ်တွေကို နှိုးဆွလှုံ့ဆော်ပေးဘို့က အခြေခံစိတ်ဓါတ် စစ်ဆင်တဲ့နည်းအဖြစ်နဲ့ သုံးတတ်တယ်။

(၁) ခြိမ်းချောက်ခြင်း။ ။ဒို့ရဲ့ကြောက်စိတ် တိုးသည်ထက်တိုးအောင် နှိုးဆွပေးဘို့ ဒီနည်းတွေကို ရေလဲအမျိုးမျိုးနဲ့ လုပ်တတ်တယ်။ ရန်သူဟာ ဒို့ဘက်က ဘယ်လိုတိုက်ပွဲတွေမှာ လူသူအဆုံးအရှုံးတွေ ဘယ်လောက်များတာဘဲ၊ ဒို့ဘက်က တပ်တွေဖြန့်ထားပုံ စစ်ဗျူဟာနည်းအရ ညံ့ဖျင်းတယ်၊ ဒို့ဘက်က ခေါင်းဆောင်မှု ဘယ်လိုညံ့တယ်ဆိုတဲ့အချက်တွေကို ဒို့ဘက်က စစ်သားတွေရဲ့စိတ်ထဲမှာ စွဲမြဲသွားအောင် ထပ်တလဲလဲ ဝါဒဖြန့်မှာဘဲ။

(၂) သုံ့ပန်းများကို ကောင်းစွာပြုစုခြင်း။ ။ရန်သူဟာ သူ့လက်ထဲကို ကျရောက်သွားတဲ့ သုံ့ပန်းတွေနဲ့ပတ်သက်ပီး အဲဒီသုံ့ပန်းကို ပြုစုပုံအပေါ် စစ်သားတွေ သံသယမဖြစ်စေဘို့သုံ့ပန်းတွေကို စခန်းမှာ ဘယ်လိုကောင်းကောင်းမွန်မွန် ထားတယ်ဆိုတဲ့အကြောင်း၊ ဘယ်လိုအစားကောင်း အသောက်ကောင်းတွေ ကျွေးထားတဲ့အကြောင်း၊ ဆေးဝါးကောင်းတွေ ဘယ်လိုရတဲ့အကြောင်း၊ ပြုစုယုယပုံ ဘယ်ပုံဘယ်နည်း ကောင်းမွန်တဲ့အကြောင်းတွေကို ဓါတ်ပုံနဲ့တကွ တင်ပြတတ်ကြတယ်။ ဒါတင်မကသေးဘူး။ ဒီသုံ့ပန်းတွေဟာ ဘယ်လိုလုံခြုံမှု ရရှိကြတယ်။ စစ် ဘေးနဲ့သေဘေးက ဘယ်လိုလွတ်ကင်းကြတယ်။ စစ်ပြီးသွားတဲ့အခါ ကိုယ့်အိမ်ကိုယ့်ယာကို ချောချောမောမောပြန်နိုင်ကြတယ်ဆိုတာတွေကိုပါ ရဲဘော်တွေရဲ့စိတ်ထဲမှာ စွဲသွားအောင် လုပ်တတ်တယ်။

(၃) ဘေးရန်ကင်းရှင်းရေးလက်မှတ်။ ။လက်နက်ချတဲ့အခါမျိုးမှာ စစ်သားတွေဟာ သူတို့ကို ရန်သူတွေက ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှာကို စိုးရိမ်တတ်ကြတယ်။ ဒီလိုကြောက်စိတ်မျိုးတွေ ပျောက်သွားအောင် ရန်သူဝါဒဖြန့်သမားဟာ အဆင်ပြေပြေနဲ့ လက်နက်ချနိုင်ဘို့နဲ့ ရန်သူ့လက်ထဲ ရောက်တဲ့အခါ ကောင်းကောင်းမွန်မွန် ပြုစုပါ့မယ်ဆိုတဲ့လက်မှတ်မျိုးကို ထုတ်ဝေဖြန့်ချိတတ်ကြတယ်။

(၄) နာဟန်ဆောင်စေခြင်း။ ။ရန်သူဟာ ဒို့ဘက်က ရဲဘော်တွေအနက်က လက်နက်ချချင်ပေမဲ့ မဖြစ်နိုင်တဲ့အခြေအနေမျိုးမှာ ရောက်နေတဲ့ရဲဘော်တွေကိုဘဲဖြစ်ဖြစ်၊ ဒါမှမဟုတ် လက်နက်မချချင်တဲ့ရဲဘော်တွေကိုဘဲဖြစ်ဖြစ် တနည်းနည်းနဲ့ သူတို့ရဲ့အကြံအစည်အောင်မြင်ဘို့ လုပ်ရတော့မှာမို့ အဲဒီရဲဘော်မျိုးတွေကို နာဟန်ဆောင်စေဘို့ လှုံ့ဆော်တက်ကြတယ်။ ဒါက

E-book is created by www.ShanYoMa.org

တော့ ရဲဘော်တွေရဲ့စိတ်ထဲမှာ နောက်ပိုင်းကိုဘဲ ပြန်ပြီးနေချင်တဲ့စိတ်တွေ ဖြစ်ပေါ်လာတဲ့အခါ ဘာမှမဖြစ်ဘဲနဲ့ ပြန်လို့မှမရဘဲကိုး၊ ဒီတော့ နောက်ပိုင်းပြန်ဘို့ အကြောင်းပြချက်ခိုင်လုံစေဘို့၊ ဥပမာ – ကြက်သွန်ဥ ဂျိုင်းကြားညှပ်ပြီး အပူတိုးအောင် လုပ်နည်းမျိုးတွေ၊ ကိုယ့်ကိုယ်ကို ထိခိုက်အနာတရ ဖြစ်အောင် လုပ်နည်းမျိုးတွေဖြစ်တဲ့ အင်မတန်မှ ပိရိတဲ့နည်းတွေကို ဒို့ဘက် ရဲဘော်တွေ သိနားလည်အောင် သင်ပေးတတ်တယ်။ ဒါမျိုးကိုလဲ ဒို့ဘက်က သတိထားပြီး နားမယောင်စေနဲ့ ရဲဘော်တို့။

(၅) နေအိမ်ကို အမှတ်ရခြင်း (ဝါ) အိမ်လွမ်းခြင်း။

ရန်သူဟာ ဒို့ရဲဘော်တွေ စိတ်ဓါတ်ကျပြီး ခေါင်းနဲ့ကိုယ်အိုးစားမကွဲဘဲ ကိုယ့်ရဲ့အိမ်ကို ပြန်ရောက်ဘို့အတွက် လက်နက်ချလို့ဘဲဖြစ်ဖြစ် တပ်က ထွက်ပြေးလို့ဘဲဖြစ်ဖြစ် တခုခုတော့ လုပ်မှဘဲဆိုတဲ့စိတ်မျိုး ဖြစ်ပေါ်လာအောင် ဒို့ရဲဘော်တွေကို နေအိမ်ကို အမှတ်ရတဲ့စိတ်တွေ လွမ်းစိတ်တွေ ဖြစ်ပေါ်လာအောင် လှုံ့ဆော်တတ်သေးတယ်။ လုပ်ပုံလုပ်နည်းကတော့ နောက်ပိုင်းမှာနေကြရတဲ့လူတွေရဲ့ အိမ်ထောင်ရေးဟာ ဘယ်လောက် သာသာယာယာ ပျော်ပျော်ရွှင်ရွှင်ရှိတယ်၊ မိန်းမလုပ်သူကစစ်ထွက်တဲ့ရဲဘော်ကို ဘယ်လိုမြော်လင့်စောင့်စားနေတယ်၊ ကလေးတွေလဲ အဖေဘယ်မလဲဆိုပြီး ငိုယိုနေတယ်ဆိုတဲ့ဓါတ်ပုံ ရုပ်ပုံမျိုးတွေကို ဝါဒဖြန့်တဲ့ရန်သူက ဒို့ဘက်က ရဲဘော်တွေဆီကို ရောက်အောင်ပို့ပြီး ရဲဘော်တွေရဲ့စိတ်ကိုထိခိုက်လာအောင် လှုံ့ဆော်တတ်တယ်။

လူမှုရေး၌ စိတ်ဓါတ်ဆိုင်ရာထိကွက်များ

၅။ ဘယ်တိုင်းပြည် ဘယ်လူမျိုးမှာမဆို ရန်သူ့ဘက်က အကွက်ကောင်းယူပြီး စိတ်ဓါတ်စစ်ဆင်ရေး ဝါဒဖြန့်ချိမှုအတွက် ကောင်းတဲ့လူမှုရေးဆိုင်ရာ ထိကွက်ဟာကွက်တွေ ရှိတတ်တယ်။ ဒို့ဗမာပြည်မှာရှိတဲ့လူမျိုးတွေရဲ့လူမှုရေးလောကမှာလဲ ထိကွက်တွေ ရှိကြတာဘဲ။ ဒါကို ဒို့တတွေ သိထားရမယ်။ ဥပမာ – ရှမ်းက ဗမာအပေါ်မှာ အထင်လွဲမှုတွေ၊ ချင်းက ဗမာအပေါ် အထင်လွဲမှုတွေ၊ ဗမာက ကရင်အပေါ် အထင်လွဲမှုတွေရှိကြလို့ ရန်သူက သိသွားရင် သူတို့အတွက် အဲဒီအချက်ဟာ ချက်ကောင်းဘဲ။ ဒီအထင်လွဲအမြင်လွဲမှုတွေကို ထိကွက်အဖြစ်ယူပြီး ရန်သူက သွေးခွဲတာတွေ၊ ပဋိပက္ခတွေ ဒို့ပြည်ထောင်စုသားအချင်းချင်းကို ဖြစ်စေနိုင်တယ်။

တန်ပြန်ဝါဒဖြန့်ခြင်း

၆။ ရန်သူက ဒို့ဘက်ကိုဝါဒဖြန့်တဲ့အခါ အဲဒီရန်သူဝါဒဖြန့်ချက်တွေမထိရောက်အောင် ဒို့ရဲဘော်တွေ ဒို့ပြည်သူလူထုတွေက ရန်သူရဲ့ဝါဒဖြန့်ပုံဖြန့်နည်းတွေကို ပြောခဲ့ပြီးတဲ့အတိုင်း သိနားလည်ထားကြရမယ်။ ရန်သူဟာ နည်းမျိုးစုံသုံးပြီး ဒို့ကို ဆွဲဆောင်မှာဘဲ၊ ဒီတော့ ဒို့ဘက်က

E-book is created by www.ShanYoMa.org

လည်း ရန်သူဆွဲဆောင်တာတွေ လှုံ့ဆော်တာတွေကို မခံကြရအောင် ရန်သူ့ဝါဒဖြန့်ပုံဖြန့်နည်း တွေကို နားလည်ထားကြရှိသာမကဘဲ ဒို့အနေနဲ့ အဲဒီရန်သူရဲ့ဝါဒဖြန့်ချက်တွေကို ပြန်လှန်ပြီး ကာကွယ်တဲ့တန်ပြန်ဝါဒဖြန့်ပုံဖြန့်နည်းတွေကိုပါ လုပ်ကြရမယ်။ ဥပမာ – ရောဂါရလာမှ ဆေးကို စားတာမျိုးမဟုတ်ဘဲ ရောဂါမရခင်ကထဲက ဆေးကြိုတင်ထိုးထား စားထားတာမျိုး ဖြစ်တယ်။ ဒါမှမဟုတ် မပြန့်ပွားမီ အချိန်မီ ဆေးဖြန်းတာတို့၊ ရောဂါဖြစ်စေနိုင်မဲ့အရာတွေကို ရှင်းလင်းထားတာတို့ လုပ်ရသလို ရန်သူရဲ့ဝါဒဖြန့်ချက် ဒို့ဆီရောက်လာမှ ထပြီး တန်ပြန်ဝါဒဖြန့်တာမျိုး မဟုတ်ဘဲ ကိုယ်က လက်ဦးအောင် လာမဲ့ဘေး ပြေးတွေ့ဆိုတာမျိုးလို လုပ်ထားကြရမယ်။ ဥပမာ – ဒို့က ရောဂါရလာမှ ဆေးထစားရင် ရောဂါက ကိုယ့်ကို နိုင်သွားတတ်တယ်။ အဲဒီသဘောဘဲ။ ဒါပေမဲ့ တခါတလေ ကိုယ်က ပေါ့ဆလို့ ရန်သူရဲ့ဝါဒဖြန့်ချက် လက်ဦးသွားခဲ့ရင်တော့ အဲဒီရန်သူ့ဝါဒဖြန့်ချက်ကို ပြန်လည်ချေပရပေမပေါ့။

၇။ ရန်သူကို တန်ပြန်ဝါဒဖြန့်တဲ့အခါမှာ သတိထားကြရမှာကတော့ ဘယ်လိုဘဲ တန်ပြန်ဝါဒဖြန့်ဖြန့် ကိုယ်သုံးလိုက်တဲ့နည်းက အဲဒီရန်သူ့ဝါဒဖြန့်ချက်နဲ့ဆီလျော်သလား၊ မဆီလျော်ဘူးလား၊ ကိုယ့်ဘက်က အကျိုးရှိ မရှိဆိုတာကို ဆန်းစစ်ဘို့လိုတယ်။ အဲဒီလို စစ်ဆေးပြီးမှ ဘယ်လိုနည်းကို သုံးပြီး တန်ပြန်ဝါဒဖြန့်မယ်ဆိုတာကို ဆုံးဖြတ်ရမယ်။ ကဲ တန်ပြန်ဝါဒဖြန့်ရမဲ့ နည်းတွေကို ကြည့်ရအောင်။

ကြိုတင်ကာကွယ်ပြောဆိုထားခြင်း

၈။ ဒါကတော့ တခြားမဟုတ်ဘူး။ စောစောက ပြောခဲ့တဲ့ဒို့ဘက်က ဟာကွက်တွေဟာ ဘာတွေရှိသလဲ၊ ဒို့ဘက်က ထိကွက်တွေဟာ ဘာတွေရှိသလဲဆိုတာ သိထားပြီး အဲဒီဟာကွက် ထိကွက်တွေကို အကြောင်းပြုပြီး ရန်သူက ဝါဒထိုးစစ် ထိထိရောက်ရောက် မဆင်နွှဲနိုင်အောင် ဒို့ဘက်က လူတွေကို သတိပေးထားတာ ဖြစ်တယ်။ ခုနလို ဒို့မှာ ဘာရောဂါတွေဖြစ်နိုင်တယ်။ ဒီတော့ အစား ကြည့်စားကြ၊ အနေအထိုင် အသွားအလာဆင်ခြင်ကြဆိုသလို ဒို့ဘက်ကိုတင်ကြိုပြီး သတိပေးထားတာ၊ ကာကွယ်ထားတာ၊ ပြောဆိုထားတာလဲ ဖြစ်တယ်။

တိုက်ရိုက်ပြန်လည်ချေပခြင်း

၉။ ဒီနည်းကတော့ ရန်သူက စွပ်စွဲလာလို့ရှိရင် ဒို့ကချက်ချင်းပြန်ပြီး ချေပဆိုတာဖြစ်တယ်။ ဥပမာ – အနာဖြစ်လာတဲ့နေရာကို ဆေးချက်ချင်း လိမ်းပေးလိုက်သလိုပေါ့။ ဒူးခေါင်းပြဲရင် တင်ချာနဲ့ချက်ချင်း သိပ်လိုက်ရင် ပြဲတဲ့ဒဏ်ရာဟာ မကြာခင် ပျောက်သွားမှာဘဲ၊ ဒါမှမဟုတ် ဘာဆေးမှ မထည့်ဘဲ ထားရင် အနာရင်းလာမယ်။ အနာရင်းတော့ တင်ချာထည့်လို့ မဖြစ်ဘူး။ အနာကျက်တဲ့ဆေးဘဲ ထည့်ရတော့မယ်။ ဒီအခါကျတော့ အနာက တော်တော်နဲ့ မ

E-book is created by www.ShanYoMa.org

ကျက်နိုင်ဘူး။ အဲဒီလိုဘဲ ရန်သူရဲ့ဝါဒဖြန့်ချက်ကို တိုက်ရိုက်ပြန်ပီးချေပရတဲ့အခါလဲ ရှိတယ်။ ဒါပေမဲ့ ဒီနည်းကို သိပ်ပီးမသုံးသင့်ဘူး။ ဘာပြုလို့လဲဆိုတော့ ကိုယ်က ရန်သူကို တိုက်ရိုက်ချေပလိုက်ရင် လူသိများများလာတတ်တယ်။ အဲဒီအခါမှာ ကိုယ်က ထိထိရောက်ရောက် ချေပနိုင်လို့ ရန်သူ့စွပ်စွဲချက်ဟာ ပြေပျောက်သွားရင်တော့ တော်ပါရဲ့၊ မပြေပျောက်ရင် ကြားရတဲ့ပရိသတ်က ရန်သူ့စွပ်စွဲချက်ကို အပဟုတ်ကြီးမှတ်ပြီး ယုံသွားကြလိမ့်မယ်။ တနည်းဆိုရရင် ရန်သူနဲ့စွပ်စွဲချက်ကို ပိုပြီး ကိုယ်က ခိုင်လုံအောင် လုပ်ပေးလိုက်သလိုဖြစ်နေမယ်။ ဥပမာ – တောတွင်း ကွန်မြူနစ်တွေက တွေ့ဆုံဆွေးနွေးရေးလုပ်မှသာ သူမသာ ကိုယ်မနာဖြစ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး အစစ်အမှန်ကိုရမယ်လို့ဆိုတဲ့အချက်ကို ငါတို့အစိုးရအနေနဲ့ ပြေပြေလည်လည်နဲ့… "ဟာ–မင်းတို့ ပြောတာတောင်းတာတွေဟာ လမ်းမမှန်ဘူး။ လက်နက်ကို စွန့်ပီး အလင်းဝင်လာခဲ့ပါ။ ဒါမှ ပြည်တွင်းငြိမ်းချမ်းရေး အစစ်အမှန်ရမယ်"လို့ ပိုင်ပိုင်နိုင်နိုင် မပြောဘဲ အဲဒီငြိမ်းချမ်းရေးတို့၊ သူမနာ ကိုယ်မနာတို့ဆိုတဲ့ ရန်သူ့လေသံမျိုးနဲ့ပြောလား ဆိုလားလုပ်တော့ အစိုးရကဘဲ သူမနာ ကိုယ်မနာ လမ်းစဉ်ကို သဘောကျသယောင် ဖြစ်သွားစေပြီး မပြေမလည်နဲ့ အဖြေရ အရှင်းရခက်တဲ့ဘဝမျိုးကို ရောက်သွားသလိုပေါ့။ အဲဒါဟာ ဘာလဲဆိုတော့ ရန်သူရဲ့တင်ပြချက် စွပ်စွဲချက်ကို ပြေပြေလည်လည် မဖြေရှင်းနိုင်လို့ဘဲ။ ခုန ဆေးထည့်တဲ့အနာလိုပေါ့။ ဒဏ်ရာရတဲ့နေရာကို မှန်ကန်တဲ့ဆေးနဲ့သိပ်လိုက်လို့ ပျောက်သွားတာမျိုးကတော့ ကောင်းပါရဲ့။ အဲဒီဒဏ်ရာနဲ့ မအပ်စပ်တဲ့မတဲ့တဲ့ဆေးမျိုးသွားလိမ်းမိရင် အနာဟာ ပိုပြီးရင်းလာကြွလာသလိုဘဲ။ ကိုယ်က ရန်သူ့စွပ်စွဲချက်ကို တိုက်ရိုက်ချေပလိုက်လို့ ပြေလည်သွားရင် ရန်သူ့စွပ်စွဲချက်ပျောက်ပျက်မှေးမှိန်ကွယ်ပျောက်သွားရင်တော့ ကောင်းပါရဲ့ မပြေလည်ဘူးဆိုရင်တော့ အဲဒီစွပ်စွဲချက်ဟာ ခိုင်မာသထက် ခိုင်မာလာပြီး ကိုယ့်ဘက်က အရေးနိမ့်စရာ ဖြစ်တတ်တယ်။ ဒါပေမဲ့ ဒီနည်းကို သုံးတော့မယ်ဆိုရင် ဒါတွေကို ထည့်စဉ်းစားရမယ်။

(က) ဒီလို ရန်သူ့ဝါဒဖြန့်မှုကို တုံ့ပြန်ဘို့လိုရဲ့လား၊ ဒါမှမဟုတ် ဒီနည်းသုံးရင် ကိုယ့်ဘက်က အကျိုးရှိပါ့မလားဆိုတာ စဉ်းစားပါ။

(ခ) တခြားဖြစ်နိုင်မဲ့နည်းကို သုံးရင်ကော အကျိုးမရှိနိုင်ဘူးလား။

(ဂ) ထိုချေပတဲ့အချက်တွေဟာ ရည်ရွယ်ရင်း ပရိသတ်အနေနဲ့ မှန်မမှန် စစ်ဆေးလို့ ရနိုင်တဲ့အချက်အလက်တွေ ဖြစ်ရဲ့လား။

(ဃ) ရန်သူကို လူညာလို့ပြောရုံနဲ့ မပီးဘူး။ ကိုယ်က တုံ့ပြန်ချေပတဲ့အချက်တွေဟာ ရန်သူ မငြင်းသာအောင် ခိုင်လုံရဲ့လား။

(င) တကယ်လို့ တိုက်ရိုက်ပြန်ပီး ချေပတော့မယ်လို့ဆုံးဖြတ်ပြီးရင်တော့ ဒါတွေနဲ့ ကိုက်ညီဘို့လိုတယ်။

(၁) ကိုယ်ရဲ့တုံ့ပြန်ချေပတာဟာ ရန်သူရဲ့ဆင်ထားတဲ့အကွက်တွေ ထပ်ပီးမဖေါ်ပြမိစေနဲ့။

(၂) ကိုယ်ရဲ့ချေပချက်ဟာ မငြင်းသာအောင် ကောင်းရမယ်။ တင်ပြတဲ့အချက်တွေဟာ ရန်သူ

E-book is created by www.ShanYoMa.org

ရဲ့ဆင်ကွက်ကို နလံမထူနိုင်အောင် ပျက်ပြားသွားစေဘို့ အကိုးအကား လုံလောက်စေရမယ်။
(၃) ရန်သူ့ဝါဒဖြန့်ချက်တွေဟာ ရည်ရွယ်ထားတဲ့ပရိသတ်ရဲ့စိတ်ထဲမှာ ကြာကြာစွဲမသွားအောင် လုပ်ပါ။
(၄) ဖြစ်နိုင်ရင် တိုက်ရိုက်ပြန်ချေပတာကို ပစ်မှတ်ပရိသတ်က တန်ဘိုးထားတဲ့အာဏာပိုင်ဌာန တခုအနေနဲ့ ထုတ်ပြန်ဘို့ သင့်တယ်။

(၁၀) သွယ်ဝိုက်ပြန်လည်ချေပခြင်း

၁၀။ ဒီနည်းကတော့ ရန်သူရဲ့ဝါဒဖြန့်မှုကို မပြန့်ပွားစေဘို့ အသုံးပြုရတဲ့နည်းဘဲ။ ဥပမာ – တပ်မတော်က ဒဏ်ရာအနာတရဖြစ်တဲ့ရဲဘော်တွေကို ဗမာ့တပ်မတော်အနေနဲ့ ဘယ်လို သက်သာချောင်ချိမှု၊ နောင်ရေးဖူလုံမှုမျိုးမျှ မယ်မယ်ရရ လုပ်မပေးဘူးလို့ ရန်သူက စွပ်စွဲတဲ့အခါ အဲဒီစွပ်စွဲချက်ကို ချေပတဲ့အနေနဲ့ ဒို့တပ်မတော်က မင်းတို့စွပ်စွဲသလို မဟုတ်ဘူး။ ဒို့ဆီလာကြည့်ပါအုံး၊ ဒဏ်ရာရ မစွမ်းသန်တဲ့ရဲဘော်တွေကို ဒို့က ဘယ်ပုံဘယ်နည်းကောင်းကောင်းထားတာဘဲ”လို့ တိုက်ရိုက်မချေပဘဲ ချေပတဲ့စကားလုံး အရိပ်အရောင်မပါတဲ့မဂ္ဂဇင်းတွေ သတင်းစာတွေထဲမှာ တပ်မတော်က မစွမ်းမသန်တဲ့ရဲဘော်တွေ ဘယ်လိုလက်မှုစက်မှု ပညာတွေ သင်ပေးနေပုံ၊ ဘယ်လိုသင်တန်းတွေ ပေးနေပုံ၊ ခြေတုလက်တုတွေ တပ်ပေးနေပုံ အစရှိတဲ့ပုံတွေကို ထည့်သွင်းဖေါ်ပြသွားလိုက်တာဟာ သွယ်ဝိုက်တဲ့နည်းပါဘဲ။ ဒါပေမဲ့ ချေပတဲ့အခါမှာ မူလက ရန်သူက စွပ်စွဲတဲ့အချက်အလက်တွေကို ချေပဘို့ ဆီလျော်တဲ့အချက်အလက် အသစ်တွေကို ထည့်ရမယ်။ ရန်သူရဲ့ဝါဒဖြန့်ချက်မထိရောက်စေအောင် တခြားအချက်အလက်တွေဆီ စိတ်ပြောင်းသွားအောင် လုပ်တာဖြစ်တယ်။

ပျက်ရယ်ပြုခြင်း

၁၁။ ဒီနည်းကတော့ အထိရောက်ဆုံးဘဲ။ ပျက်ရယ်ပြုနည်းကို သုံးတာဟာ ရန်သူရဲ့ ဝါဒဖြန့်ချက်ကို ပျက်စီးသွားစေတယ်။ ရန်သူ့ဝါဒဖြန့်ချက်ကို လူရယ်စရာဖြစ်အောင် လုပ်ပေးလိုက်ရင် အဲဒီဝါဒဖြန့်ချက်ဟာ မထိရောက်ဘဲ ဖြစ်သွားတတ်တယ်။ ရန်သူ့ဝါဒဖြန့်တဲ့အချက်တွေဟာ ပျင်းရိဘို့ ကောင်းတာတွေဆိုရင် အဲဒီဖြန့်တဲ့အချက်တွေကို သရော်ပြီး ကိုယ်က ချေပလိုက်ရင် အောင်မြင်နိုင်တယ်။

အာရုံလမ်းလွှဲပေးခြင်း

၁၂။ တခါတရံ ရန်သူ့ဝါဒဖြန့်ချက်တွေကို တိုက်ရိုက်ဖြစ်ဖြစ် သွယ်ဝိုက်တဲ့နည်းဖြစ်ဖြစ် ကိုယ်က တုံ့ပြန်ဝါဒဖြန့်လို့မဖြစ်တဲ့အခါမျိုးလဲ ရှိတယ်။ တကယ်လို့ ရန်သူက အချက်တွေအလက်တွေ အထောက်အထားတွေပြပြီး ဝါဒစစ်ဆင်ခဲ့ရင် ဒို့ကပြန်ပြီး ချေပဘို့မလွယ်ကူဘူး။ ဒီ

E-book is created by www.ShanYoMa.org

တော့ ဒီအခါမျိုးမှာ ပရိသတ်ကို ရန်သူ့ဝါဒဖြန့်တဲ့အချက်တွေကနေပြီး စိတ်ပြောင်းသွားအောင် အာရုံလမ်းလွှဲနည်းကို သုံးရမယ်။ ဒီလိုအာရုံလမ်း လွှဲပေးတဲ့အခါမှာ ကိုယ်က တခြားအချက် တခုခုကို ဖေါ်ထုတ်ပြီး ပေးနိုင်ရင်ပေးရမယ်။ ဒါမှမဟုတ် ကိုယ်က ပရိသတ်ကို ထိထိရောက် ရောက် ဝါဒဖြန့်ခဲ့ဘူးတဲ့အချက်တခုခုကို ပိုပြီးလေးနက်သွားအောင် ထပ်ပြီး လုပ်ပေးနိုင်တယ် အာရုံလမ်းလွှဲတယ်ဆိုတာက ဥပမာ – ဒို့အနေနဲ့ ကာမအာရုံတွေ သိပ်ပြီး ပြင်းထန်နေတဲ့အခါ မှာ ထပြီး ကျန်းမာရေး ကစားလိုက်တာတို့၊ စိပ်ပုတီး စိပ်လိုက်တာတို့ အစရှိတဲ့ကိစ္စတွေ လုပ်သ လိုပေ့ါ၊ တနည်းအားဖြင့် တောတွင်း သောင်းကျန်းသူတွေဟာ တွေ့ဆုံဆွေးနွေးငြိမ်းချမ်းရေး ကို တောင်းဆိုနေတဲ့အခါမှာ အစိုးရအနေနဲ့ ငါးစျေးတွေ ချပေးလိုက်တာ၊ သတင်းစာတွေအ နေနဲ့ ပြည်သူလူထု စိတ်ပြောင်းသွားအောင် နိုင်ငံခြားက သတင်းတွေ ကမ္ဘာစစ်ကြီးဖြစ်တော့မဲ့ အရေးအခင်းတွေအကြောင်း ဖိရေးတာတွေ လုပ်လိုက်တာတွေဘဲ ဖြစ်တယ်။

ရေငုံနေခြင်း

၁၃။ ဒီနည်းကတော့ ရန်သူ့ဝါဒဖြန့် စွပ်စွဲတဲ့အချက်တွေကို မသိဟန်ဆောင်နေလိုက် တာဘဲဖြစ်တယ်။ သူတို့ဝါဒဖြန့်ချက်ကို ကိုယ်က ဟုတ်တယ်လဲ မပြောဘူး။ မဟုတ်ဘူးလဲ မပြော ဘူး။ တခါတလေ ရန်သူဝါဒဖြန့်စစ်ကို ကိုယ်က တန်ပြန်မလုပ်ရတဲ့အခါမျိုးလဲ ရှိတယ်။ လုပ်လို့ လဲ အကျိုးမရှိမဲ့ အခါမျိုးလဲရှိမယ်။ ကိုယ်က တုံ့ပြန်ရလောက်အောင် အရေးမကြီးလို့ရှိရင် မသိ သလို လုပ်နေတာကို ဆိုလိုတယ်။ ဥပမာ – စစ်မြေပြင်မှာ ကိုယ်ဘယ်နေရာမှာ ရှိတယ်ဆိုတာ ရန်သူက သိချင်တော့ ဖေါက်ထိုင်းနဲ့လှမ်းပစ်ပြီး ရှာသလိုပေ့ါ။ တခါတလေ ရန်သူက ကိုယ့်ဘက် က သတင်းအစအနရချင်တဲ့အခါ ကိုယ့်ရဲ့စိတ်ကို ဆွပေးသလိုပေ့ါ။

ရန်သူဝါဒဖြန့်အချက်အလက်ကို သေးငယ်သွားစေခြင်း

၁၄။ ဒီနည်းက ရန်သူ့ဝါဒဖြန့်ချက်ကို မပြောပလောက်တာမျိုး ဖြစ်သွားအောင် လုပ် တဲ့နည်းဘဲ။ တကယ်လို့ အထက်က ပြခဲ့တဲ့နည်းအမျိုးမျိုးနဲ့ တန်ပြန်လို့မရရင် ဒီနည်းနဲ့တန်ပြန် လုပ်ရတယ်။ လုပ်ပုံလုပ်နည်းကဆိုရင်...

(က) ရန်သူရဲ့ဝါဒဖြန့်ချက်တွေထဲက ကိုယ့်ဘက်အတွက်အကျိုးဖြစ်စေမဲ့ အချက်အလက်တွေကို ရွေးပြီး ပေါ်ပေါ်ထင်ထင်ကြီး ဖြစ်လာအောင် ဖေါ်ပြတာရယ်။

(ခ) ပြန်ပြီး ချေပနိုင်တဲ့အချက်အလက်တွေကို ပိုင်ပိုင်နိုင်နိုင်ချေပပြီး ပြဿနာတခုလုံးကို မ ဖြေလိုတော့သလို လုပ်တာရယ်။

(ဂ) ကိုယ်ချေပတဲ့အချက်အလက်တွေရဲ့ယုတ္တိယုတ္တာရှိပုံကို ပေါ်လွင်ရုံကလေး ဖေါ်ပြပြီး၊ အဲဒီ ကိစ္စကြီးကို လုံးဝဇာတ်မြှုပ်လိုက်တာရယ်တို့ကို ပြုလုပ်ရတယ်။

E-book is created by www.ShanYoMa.org

နိဂုံး

၁၅။ နိဂုံးချုပ်အနေနှင့် ဒီတန်ပြန်ဝါဒဖြန့်တာဟာ သူ့အတတ်နဲ့သူ စူးစေအောင်၊ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်သလို၊ ဆေးနဲ့ဝါးနဲ့ ပြုစားတဲ့လူကို တန်ပြန်တဲ့နည်းလို၊ နောက်ပြီး ပယောဂ အကာအကွယ်ဆေးတွေထိုးထားသလိုပါဘဲ။ ဒီတော့ ရဲဘော်တို့တတွေဟာ ရန်သူရဲ့ဝါဒဖြန့်ပုံဖြန့်နည်းတွေ၊ သူတို့ရဲ့ဆွဲဆောင်မှုတွေ၊ လှုံ့ဆော်မှုတွေကို နောကျေအောင် သိထားကြစေလိုတယ်။ အဆုံးမတော့ တန်ပြန်ဝါဒဖြန့်ချိတယ်ဆိုတာဟာ ရန်သူဆီကလာတဲ့ဝါဒဖြန့်ချက်တွေပေါ်မှာမှီပြီး ဒို့တတွေက ဝါဒဖြန့်ချိတာဖြစ်တယ်။ ရန်သူရဲ့ဝါဒဖြန့်ချက်ကို ဒို့က တန်ပြန်ဝါဒဖြန့်ချင်ရင် ဖြန့်မယ်၊ ဒါမှမဟုတ် သူတို့ဝါဒဖြန့်ချက်အပေါ်မှာ ဒို့အမြတ်ထုတ်ဘို့ဘဲဖြစ်တယ်။

E-book is created by www.ShanYoMa.org